အာဒဝင်တူး ဒုတိယတနင်္ဂနွေနေ့ ဒီဇင်ဘာ ၁၀ ၂၀၂၃

မာကု ၁း၁–၈

အာဒဝင်တူးအချိန်ကို ထောက်ရှုခြင်းနှင့်ပြင်ဆင်ခြင်းအတွက် အသုံးပြုရမှာဖြစ်ပါတယ်။ နှုတ်ကပတ်တော်ကို ထောက်ရှုခြင်း၊ မိမိကိုယ်ကိုအသစ်ပြုပြင်ခြင်း၊ ခရစ်တော်ဘုရား ကျွန်ုပ်တို့ဘဝဆီသို့ ကြွလာတော်မူခြင်းအတွက် ခရစ်မတ်ပွဲတော်အတွက်ပြင်ဆင်ဘို့ သာသနာတော်ကြီးက ကျွန်ုပ်တို့ကိုဖိတ်ခေါ်ပါတယ်။ ဒီနေ့ဖတ်ရှုရတဲ့ ဒုတိယကျမ်းမှာ သံပေတရုးက ဘုရားဟာ ကျွန်ုပ်တို့ရဲ့ဘဝဆီသို့ ဝင်ရောက်ဘို့အတွက် လွန်စွာပင် အလိုရှိကြောင်း၊ တဖက်မှာတော့ ကျွန်ုပ်တို့ဟာ ဘုရားသခင်ကြွမြန်းလာဘို့အတွက် မိမိကိုယ်ကိုပြင်ဆင်ဘို့လိုအပ်ကြောင်းကို သတိပေးထားပါတယ်။ ဘုရားရဲ့ကြည့်ရှုစောင်မခြင်း၊ ဘုရားရဲ့နှစ်သိမ့်ခြင်း ကျွန်ုပ်တို့အလိုရှိတယ် ကျွန်ုပ်တို့လိုအပ်ကြပါတယ်။ ဒါပေမဲ့ ကျွန်ုပ်တို့လျှောက်လှမ်းနေတဲ့လမ်းကြောင်းကို ပြောင်းလဲဘို့ စစ်မှန်တဲ့ပြောင်းလဲခြင်းကို အရှိန်အဟုန်မြင့်တင်ဘို့ ကျွန်ုပ်တို့မှာ အမြဲတမ်း မိမိကိုယ်ကို မပြင်ဆင်မိတာက များပါတယ်။ ဘုရားဟာ ကျွန်ုပ်တို့ဆီကိုကြွလာဘို့အတွက် ကျွန်ုပ်တို့ကလည်း ဘုရားဆီကိုဦးတည်ပြီးသွားဘို့လည်း လိုအပ်ပါတယ်။ နေ့စဉ်နေ့တိုင်းဟာ ကျွန်ုပ်တို့အတွက် ခရစ်မတ်နေ့ သို့မဟုတ် သခင်ဘုရားရဲ့နေ့ရက် ဖြစ်ဘို့လည်းလိုအပ်ပါတယ်။

ဒီရာသီနဲ့အချိန်တိုင်းမှာ သခင်ဘုရားကို ငြင်းပယ်ဘို့ထက် လက်ခံဘို့ ကျွန်ုပ်တို့ပြုလုပ်ရမှာဖြစ်ပါတယ်။ သူတို့တွေကာလကြာရှည်စွာစောင့်မျှော်ခဲ့တဲ့ ခရစ်တော်ကို သိရှိနားလည်အသိအမှတ်ပြုဘို့အတွက် ဂျူးလူမျိုးတို့ကို မျက်စိကန်းစေခဲ့တဲ့ သူတို့ကိုအတားအဆီးဖြစ်စေခဲ့တဲ့အရာ–ဒါတွေဟာ သူတို့ရဲ့စိတ်နှလုံးခိုင်မာခြင်း၊ မိမိကိုယ်မိမိအတွက်ဘဲ ဗဟိုပြုခြင်း ဆိုတာတွေဘဲ ဖြစ်ပါတယ်။ အဲဒီစိတ်မြင့်ထောင်လွှားခြင်းဟာလည်း များစွာသော ကျွန်ုပ်တို့ရဲ့အသိတရားကို ကန်းစေပြီး ခရစ်တော်နဲ့ သူ့ရဲ့သတင်းတရားတော်ကို မလက်ခံဘဲ သူတပါးကိုလဲ ခရစ်တော်ကိုလက်ခံဘို့ အတားအဆီးဖြစ်စေခဲ့ပါတယ်။

လောကစည်းစိမ်ဥစ္စာတွေနဲ့ လောကီအပျော်အရွှင်များကိုသာလျှင်
ရှာဖွေလိုက်စားခြင်း၊ ဝိညာဉ်ရေးဆိုင်ရာကိစ္စများကိုလစ်လျူရှုခြင်း၊
ဒီအရာများအားလုံးဟာ ခရစ်တော်ကိုငြင်းပယ်ခြင်း အမှတ်လက္ခဏာများ
ဖြစ်ပါတယ်။ ခရစ်တော်ဘုရားကို ကျွန်ုပ်တို့ရဲ့ကိုယ်ပိုင်အရှင်သခင်အဖြစ်
ကျွန်ုပ်တို့ရဲ့ကိုယ်ပိုင်ကယ်တင်ရှင်အဖြစ် ဒီလိုရာသီကာလအပြင် အမြဲတမ်း
လက်ခံကြိုဆိုပြီး စစ်မှန်သောခရစ်ယာန်အသက်တာကို နေ့စဉ်နေထိုင်သွားရမှာ
ဖြစ်ပါတယ်။ ဒီနေ့ဒီရက်တွေမှာ သခင်ဘုရားရဲ့မွေးဖွားလာခဲ့ခြင်းပွဲတော်နဲ့
ကိုယ်တော်ရဲ့ ဒုတိယအကြိမ်ကြွလာတော်မူခြင်းအတွက်
ကောင်းစွာပြင်ဆင်ကြရမှာဖြစ်ပါတယ်။ ကျွန်ုပ်တို့တဦးစီအတွက်
ကိုယ်တော်ရဲ့ဒုတိယအကြိမ်ကြွလာတော်မူခြင်းဟာ
ကျွန်ုပ်တို့ရဲ့သေဆုံးသွားမဲ့နေ့ရက်ဖြစ်တယ် ဒါမှမဟုတ်
ကိုယ်တော်ရဲ့နောက်ဆုံးကြွလာတော်မူခြင်းနေ့ရက် ဒီနှစ်ခုဟာ
ဘယ်ဥစ္စာအရင်ဘဲလာလာ ကျွန်ုပ်တို့ကတော့
ထိုက်တန်တဲ့ကြိုဆိုလက်ခံခြင်းဖြစ်အောင် မိမိကိုယ်ကို ပြင်ဆင်ရမှာ ဖြစ်ပါတယ်။

ခရစ်တော်ဟာ ကျွန်ုပ်တို့ရဲ့ဘဝထဲကို ရောက်ရှိလာဘို့အတွက် သံယောဟန်က
လမ်းကိုပြင်ဆင်ပေးခဲ့ပါတယ်။ ချိုင့်ဝှမ်းတွေကိုဖို့ရမယ်။
တောင်ကြီးတောင်ငယ်ကိုဖြိုရမယ်။ ကောက်ကွေ့တဲ့လမ်းကို ဖြောင့်ဖြူးစေရမယ်
ဆိုပြီးသူကြွေးကြော်ခဲ့ပါတယ်။ တနည်းအားဖြင့်ပြောရရင်–
သခင်ဘုရားနဲ့တွေ့ဆုံနိုင်ဘို့အတွက် အတားအဆီးမှန်သမျှကို
ဖြိုဖျက်ပစ်ရမှာဖြစ်ပါတယ်။ များစွာသော ကျွန်ုပ်တို့သိတဲ့လူတွေဟာ
သခင်ဘုရားကိုသိရှိနားလည်ဘို့အတွက် အတားအဆီးမျိုးစုံရင်ဆိုင်ရတတ်ပါတယ်။
အဲဒီအထဲမှာ ကျွန်ုပ်တို့ကိုယ်တိုင်ကလည်း သူတပါးအတွက် ဆူးငြောင့်ခလုတ်
အတားအဆီးဖြစ်နိုင်ပါတယ်။ များစွာသောလူငယ်လူရွယ်တွေ ဝိညာဉ်ရေးရာမှာ
စိတ်မဝင်စားတော့ဘူး၊ ဘုရားကျောင်းမသွားချင်ကြတော့ဘူး၊
ဘယ်သူ့မှာတာဝန်ရှိသလဲ။ တခါတလေတွေးမိတယ်။ ခရစ်ယာန်
များကိုညှင်းပန်းနှိပ်စက်ခဲ့တဲ့ခေတ်ကာလတွေထက် ကျွန်ုပ်တို့များမှ

မိမိတို့ရဲ့ဘုရားတရားအပေါ် စိတ်ဝင်စားမှုနည်းပါးခြင်း၊ ကျွန်ုပ်တို့ရဲ့ယုံကြည်ခြင်းကို လစ်လျူရှုခြင်း အထင်သေးခြင်းတွေဟာ ပို၍ပြီးတော့ သခင်ဘုရားကို ဆန့်ကျင်နေကြတာ ဖြစ်နိုင်ပါတယ်။ အပြင်ကနေလာတဲ့ စုံစမ်းနှောက်ယှက်ခြင်းနဲ့ ညှင်းပန်းနှိပ်စက်ခြင်းကို သာသနာတော်က ခံနိုင်တယ်။ ဒါပေမဲ့ သာသနာတော်အတွင်းမှာရှိလူတွေရဲ့ သစ်စာဖောက်ခြင်းက သာသနာတော်ကို ပို၍ပြီးထိခိုက်ပျက်စီးစေပါတယ်။

ကောင်းသောသတင်းကို ကြေညာသူ ကျွန်ုပ်တို့တတွေဖြစ်ကြရမှာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ သူတပါးကို ခရစ်တော်ဘုရားဆီပို့ဆောင်သလား၊ ကျွန်ုပ်တို့ရဲ့အနေအထိုင်၊ အပြုအမူ၊ အပြောအဆိုတွေဟာ သူတပါးကို လှို့ဆော်မှု နှိုးကြားမှု ပေးနေပါရဲ့လား။ သံယောဟန်ရဲ့ဟောကြားချက်တွေက ကျွန်ုပ်တို့ကို စိန်ခေါ် နေပါတယ်။ ကျွန်ုပ်တို့ရဲ့နေအိမ်မှာ၊ ကျွန်ုပ်တို့ရဲ့လုပ်ငန်းခွင်မှာ၊ စာသင်ကျောင်းမှာ၊ သာသနာအုပ်စုထဲမှာ၊ ကျွန်ုပ်တို့ရဲ့အသင်းအဖွဲ့တွေထဲမှာ ခရစ်တော်ဘုရားအကြောင်း ကြေငြာမောင်းခတ်ရမယ်ဆိုတာကို သံယောဟန်ရဲ့ဟောကြားခြင်းတွေက သတိပေးနေပါတယ်။ ကျွန်ုပ်တို့ဟာ သံယောဟန်များ ဖြစ်ရမယ် ဆိုတဲ့သဘောဖြစ်ပါတယ်။ မေတ္တာတရား၊ ကြင်နာသနားခြင်း၊ အခွင့်လွှတ်ခြင်းတို့ကိုပြသနိုင်ပြီးဆိုရင်၊ အမှန်တရားတခုဖြစ်တဲ့ ခရစ်တော်ဘုရားဟာ ကျွန်ုပ်တို့နဲ့အတူတကွရှိနေပါတယ် ဆိုတာကို ကြေညာလျက်ရှိပါတယ်။ ကျွန်ုပ်တို့ရဲ့အသက်တာဟာ တန်ဘိုးရှိတဲ့ သူတပါးအတွက် ဖတ်စရာစာအုပ်တအုပ်ကဲ့သို့ ဖြစ်လာမှာဖြစ်ပါတယ်။ သံယောဟန်က ကျွန်ုပ်တို့ကို ဒီအာဒဝင်တူးအချိန်ဟာ ကျွန်ုပ်တို့ရဲ့ဘဝအသက်တာဆီသို့ ကျွန်ုပ်တို့ရဲ့ကယ်တင်ရှင်အဖြစ် ခရစ်တော်ဘုရားရဲ့ကြွလာတော်မူခြင်းအတွက် လိုအပ်တဲ့ ပြင်ဆင်မှုကိုပြုလုပ်ပြီး ကျွန်ုပ်တို့အတွက်ဝိညာဉ်ရေးနှင့်ဆိုင်သော အိမ်ကိုပြန်လာခြင်းအသွင် ပေါ် လွင်အောင် စိန်ခေါ် ပါတယ်။ (ဒီရာသီဟာ ဝေးလံတဲ့နေရာကနေပြီး အိမ်ကိုပြန်လာကြတဲ့အချိန်ဖြစ်ပါတယ်)။

အခုအချိန်မှာ ရာသီပွဲတော်နဲ့ဆက်နွယ်တဲ့ပြင်ဆင်မှုများကို ကျွန်ုပ်တို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့လုပ်ဆောင်နေကြမှာဖြစ်ပါတယ်။ တကယ်ဘဲ တန်ဘိုးရှိပြီး

မွန်မြတ်တဲ့ ပြင်ဆင်မှုနှစ်မျိုးကတော့ မိမိကိုယ်ကိုမိမိ
ပြန်ပြီးလက်ဆောင်ပေးခြင်းအတွက်ပြင်ဆင်ခြင်းနဲ့
သူတပါးကိုလက်ဆောင်ပေးဘို့အတွက်ပြင်ဆင်ခြင်းဖြစ်ပါတယ်။

အသက်တာရဲ့ပြောင်းလဲခြင်းထက်ပိုပြီးတန်ဘိုးရှိတဲ့လက်ဆောင်
မိမိကိုယ်ကိုပြန်ပေးဘို့ မရှိပါဘူး။ မိမိကိုယ်ကို ဒီလက်ဆောင်ပြန်ပေးဘို့
မေ့တတ်ကြပါတယ်။

ဒုတိယလက်ဆောင်ကတော့ သူတပါးအတွက်ဖြစ်ပါတယ်။
ခရစ်တော်ဘုရားကိုသိရှိဘို့အတွက်၊ ကိုယ်တော်ရဲ့ချစ်ခြင်းကိုသိနိုင်ဘို့အတွက်
သူတပါးကို ကျွန်ုပ်တို့က ဦးဆောင်ခေါ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ဒါကလဲ
ပြောင်းလဲသွားတဲ့ ကျွန်ုပ်တို့ရဲ့ဘဝအသက်တာဘဲဖြစ်ပါတယ်။

ရုပ်ဝတ်ထုနဲ့ပြင်ဆင်ထားတဲ့ လက်ဆောင်က ပြင်ဆင်ထားတဲ့လူအတွက်ဘဲ ဖြစ်လို့
တခြားသောသူများ ကျန်နေမှာဖြစ်ပါတယ်။ အခုဖော်ပြတဲ့ လက်ဆောင်ကတော့
လူတိုင်းရရှိပြီး လူတိုင်းအတွက်အကျိုးရှိသွားမှာ ဖြစ်ပါတယ်။

တနည်းအားဖြင့် ကျွန်ုပ်ရဲ့ဘဝအသက်တာ ကျွန်ုပ်ရဲ့ခန္ဓာအသက်တခုလုံးဟာ
သူတပါးအတွက် လက်ဆောင်ဖြစ်ရမှာဖြစ်ပါတယ်။ သူတပါးအတွက်
အသက်ရှင်ကြရမှာဖြစ်ပါတယ်။